# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 14, 2024 | Volume 81, Number 10


၁၄.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၃.၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၈၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ယခုမိုးရာသီတွင် ရွှေပိတောက်ငါးဈေးသို့ ရေချို/ရေငန်ထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်နေ




ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ ယခုမိုးရာသီတွင် ရေချိုထွက်ကုန်များနှင့် ရေငန်ထွက်ကုန်များ ပုံမှန်ဝင်ရောက်၍ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရွှေပိတောက်ငါးဈေးမှ ဈေးတာဝန်ခံ ဦးသန်းနိုင်က နိုင်ငံပိုင်သတင်းဌာနသို့ ပြောသည်။

အဆိုပါ ငါးဈေးသို့ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ရေငန်ငါးအမျိုးအစားပေါင်း ၁၀၀ ခန့် ဝင်ရောက်လျက်ရှိသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မွေးမြူရေးကန်များမှထွက်ရှိသော ရေချိုငါးအမျိုးအစားပေါင်း ၃၀ ကျော်သည်လည်း နေ့စဉ်ပုံမှန်ဝင်ရောက်ပြီး တစ်ရက်လျှင် ရေထွက်ကုန် ပိဿာချိန် ၃ သိန်းကျော် ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းကစပြီး ရွှေပိတောက်ငါးဈေးသို့ ပင်လယ်ပြင်မှ ထွက်ရှိသည့် ငါးပုဏ္ဏား၊ ပြည်ကြီးငါး၊ ကင်းမွန်၊ ပုစွန်၊ ရွှေငါး၊ ငါးမျက်ဆန်ကျယ်စသည့် ငါးများအပါအဝင် ရေငန်ငါးအမျိုးအစား တော်တော်များများ ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

ရေချိုငါးအနေဖြင့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့က မွေးမြူရေးကန်များမှ ထွက်ရှိသည့် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်းအပါအဝင် မွေးမြူရေးငါးများ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

ယခုအခါ ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် ၃ သိန်းကျော် ဝင်ရောက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများ

အတွက် လုံလောက်မှုရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် နီးစပ်ရာဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ရွှေပိတောက်ငါးဈေးတွင် ဈေးရုံပေါင်း ၈ ရုံရှိပြီး မှတ်ပုံတင်ထားသည့် ဆိုင်ခန်းပေါင်း ၄၅၀ နီးပါးနှင့် ပုံကျဈေးဆိုင်ခန်းပေါင်း ၁၉၀ ခန့် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

**Source:** https://www.popularmyanmar.com/

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၈၉,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၈၉,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းငွေးက ပြောသည်။ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇွန်လက ငရုတ်သီးခြောက် ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးခြောက် ပိဿာချိန် ၈၉,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက်ပိဿာချိန် ၁၀ လျှင် ကျပ် ၇၉,၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးခြောက်ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။

ပန်းတနော်မြို့နယ်ကထွက်တဲ့ ဒေသထွက်ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးခြောက်က အရည်အသွေး ကောင်းတော့ ကုန်ပစ္စည်းမှာယူမှုကလဲ များပြားနေပါတယ်။ လက်ရှိ ငရုတ်သီးခြောက်ဈေးက ၁၀ ပိဿာကို ကျပ် ၇၉,၀၀၀ ထိပေါက်ဈေးရှိနေပါတယ်"ဟု ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းငွေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ ငရုတ်သီးခြောက်များ တင်ပို့ရောင်းချရမှု များပြားလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဖိလစ်ပိုင်တွင် ပိုမိုကြီးမားသော ဆန်ဈေးကွက်ဝေစုရရှိရန် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံယှဉ်ပြိုင်လျက်ရှိ

ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ဖိလစ်ပိုင်နိုင်ငံတွင် ပိုမိုကြီးမားသော ဆန်ဈေးကွက်ဝေစုရရှိရန် ယှဉ်ပြိုင်လျက်ရှိကြောင်း Nikkei Asia က ဩဂုတ်လ ၂ ရက်တွင် ထုတ်ပြန်သည့် ဆောင်းပါးဖော်ပြချက်အရ သိရသည်။ ဆောင်းပါးအရ ဖိလစ်ပိုင်သည် အိမ်နီးချင်းနိုင်ငံများထံမှ ဆန်တင်သွင်းမှုတိုးမြှင့်မည့် အကြောင်းအချက်များအနက် တစ်ခုမှာ ပြည်တွင်းထောက်ပံ့နိုင်စွမ်း ကျဆင်းသောကြောင့်ဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်သည် ပြည်တွင်းဈေးကွက်တွင် ဆန်ဝေနှုန်းများ တည်ငြိမ်စေရန်အတွက် ဆန်တင်သွင်းသည့် အကောက်ခွန်များကို လျှော့ချခဲ့ကြောင်းသိရသည်။

ဆောင်းပါးသည် အမေရိကန်နိုင်ငံ စိုက်ပျိုးမွေးမြူရေးဦးစီးဌာန၏ အချက်အလက်များကို ကိုးကားရေးသားခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အကြီးမားဆုံး ဆန်တင်သွင်းသူဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်တွင် ဆန်တန်ချိန် ၄ ဒသမ ၁ သန်းတင်သွင်းရန် ခန့်မှန်းရပြီး ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၂ သန်း တင်သွင်းခဲ့ကြောင်းသိရသည်။

ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးမွေးမြူရေးဦးစီးဌာန၏ အတွင်းရေးမှူး Francisco Tiu Lauvel က ဖိလစ်ပိုင်နိုင်ငံနှင့် အစားအစာဖူလုံရေးအတွက် ဆန်ထုတ်လုပ်မှုတွင် ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းမှုမြှင့်တင်သွားမည်ဟု ဇူလိုင်လတွင်ပြောကြားခဲ့သည်။ လတ်တလောနှစ်များအတွင်း ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်ဆန်ကို ထိပ်ဆုံးမှတင်သွင်းသူအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်းသိရသည်။

**Source : VietnamPlus DOCA(ရန်ကုန်)**

## ကမ္ဘာ့ဈေးကွက်ထဲတင်ပို့နေကြသည့် ဆန်များကြား မြန်မာ့ဆန်တန်ချိန်မှာနည်းပါး

ပြည်ပဝယ်လက်များအနေဖြင့် မြန်မာ့ဆန်ကို နောက်ဆုံးမှာသာထား၍ စဉ်းစားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။ ဩဂုတ် ၁၂ ရက်တွင် ဆန်စပါးအသင်းချုပ်၌ ပြုလုပ်သည့် သတင်းပြန်ကြား ဆွေးနွေးပွဲတွင် အထက်ပါအတိုင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် ဆန်၊ ဆန်ကွဲ တန်ချိန် ၂ သန်းခန့်သာ ကမ္ဘာ့ဈေးကွက်ထဲသို့ တင်ပို့နိုင်သည့်အတွက် တန်ချိန်အများအပြား တင်ပို့သည့် နိုင်ငံများထက် အရေးပါသည့် အနေအထားမရှိကြောင်း ၎င်းကဆိုသည်။

လက်ရှိတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားစသည့်နိုင်ငံများကသာ မြန်မာရောင်းချသူများကို အရေးပါသူအဖြစ် မှတ်ယူကြကြောင်း၎င်းကဆိုသည်။ “ဝယ်တဲ့နိုင်ငံတွေက မြန်မာနိုင်ငံကို နောက်ဆုံးမှ စဉ်းစားတဲ့ အနေအထားမျိုးလည်းရှိတယ်။ ဒါက အခြေအနေအမှန်ကို ပြောပြတာ။ အာဖရိကကိုဆိုရင် ရောင်းမရတာ တော်တော်ကြာပြီ။ အခုမှ နည်းနည်းပြန်ပြီးတော့ ရောင်းနိုင်တဲ့အနေအထားမျိုးတွေရှိတယ်”ဟု ဦးရဲမင်းအောင်က ပြောသည်။

လက်ရှိ ပြည်တွင်းထုတ်လုပ်မှုအနေဖြင့် ပြည်တွင်းစားသုံးမှုအရ ဆန်တန်ချိန် ၂ သန်းကျော်သာ တင်ပို့ထားနိုင်ပြီး ဆန်တန်ချိန် ၃ သန်းမှ ၄ သန်းအထိ ပို့နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ ထွက်ရှိသည့် အနေအထား ဖြစ်ရန် လိုအပ်ကြောင်းသိရသည်။

ထို့ပြင် ယခုဘဏ္ဍာနှစ်၏ ၄ လတာကာလအတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၅ ဒသမ ၁ သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယင်းမှ အမေရိကန်ဒေါ်လာ ၂၆၅ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

**Source:** https://www.popularmyanmar.com/

## ၂၀၂၄ ခုနှစ်၏ ပထမ ၇ လတာကာလတွင် လယ်ယာ-သစ်တော-ရေထွက်ကုန်တင်ပို့မှု ၁၉% နီးပါးမြင့်တက်ခဲ့သည့် ဗီယက်နမ်နိုင်ငံ

၂၀၂၄ ခုနှစ်၏ ပထမ ၇ လတာကာလတွင် လယ်ယာ-သစ်တော-ရေထွက်ကုန်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၇ ဘီလီယံရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၁၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံစိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (MABD) ကပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် လယ်ယာ-သစ်တော-ရေထွက်ကုန်ကဏ္ဍမှတစ်ဆင့် စံချိန်တင်ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၂ ဘီလီယံရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၆၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အချက်အလက်များက ဖော်ပြခဲ့သည်ဟုသိရသည်။ ဇူလိုင်လတစ်လတည်းတွင် အဆိုပါထုတ်ကုန်များ တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၁ ဘီလီယံရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်၏ တူညီကာလထက် ၁၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

ဇန်နဝါရီလမှ ဇူလိုင်လအတွင်း လယ်ယာထွက်ကုန်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၁ ရာခိုင်နှုန်း ဘီလီယံ၊ သစ်တောထွက်ကုန်မှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၁ ဘီလီယံ၊ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၉ ဘီလီယံနှင့် မွေးမြူရေးထွက်ကုန်များ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈၈ သန်းရရှိခဲ့ကာ ၂၃ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၁ ဒသမ ၁ ရာခိုင်နှုန်း၊ ၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် သစ်နှင့်သစ်ထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၈ ဘီလီယံ၊ ကော်ဖီမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄ ဘီလီယံ၊ ဆန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၇ ဘီလီယံ၊ သီဟိုဠ်စေ့မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၇ ဘီလီယံ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃ ဘီလီယံ၊ ပုစွန်မှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ၊ Tra Fish မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ဘီလီယံရရှိခဲ့ကြောင်းသိရသည်။

အထူးသဖြင့် ဆန်၊ ကော်ဖီ၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့၏ ပျမ်းမျှတင်ပို့သည့် ဈေးနှုန်းများလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အမေရိကန်၊ တရုတ်နှင့်ဂျပန်တို့သည် ဗီယက်နမ် လယ်ယာ-သစ်တော-ရေထွက်ကုန်များ၏ အကြီးမားဆုံး တင်သွင်းသူများဖြစ်ကြောင်းသိရသည်။

**Source : Vietnam Plus** **Source:** https://www.doca.gov.mm

## ထိုင်းနိုင်ငံတောင်သူများသည် လူကြိုက်များသော ဗီယက်နမ်စပါး မျိုးစိတ်များကို ရွေးချယ်စိုက်ပျိုးလာနိုင်သောကြောင့် ပြည်တွင်းစပါးမျိုးစိတ်များ မျိုးသုဉ်းမှုအန္တရာယ် ကြုံတွေ့လာနိုင်ဖွယ်ရှိ

ထိုင်းတောင်သူများသည် ပျော့ပျောင်းမှုကြောင့် လူသိများသော ဗီယက်နမ်စပါးမျိုးစိတ်ကို စုပြုံစိုက်ပျိုးလာသောကြောင့် နိုင်ငံ၏ စပါးမျိုးစိတ်များ မျိုးသုဉ်းမှုအန္တရာယ် ကြုံတွေ့လာနိုင်ဖွယ်ရှိကြောင်း ဆန်တင်ပို့သူများက သတိပေးပြောကြားခဲ့ကြောင်း သိရှိရသည်။

ပသူသနီ ရနံ့ပါဆန်နှင့် KB 79 ဆန်အမျိုးအစား၏ ထုတ်လုပ်မှုကျဆင်းခဲ့ပြီး ထွက်နှုန်းမြင့်၍ စိုက်ပျိုးချိန်တိုတောင်းသော Khao Hom Phuang သို့မဟုတ် စပယ် ၈၅ ဟု လူသိများသည့် ဗီယက်နမ် မျိုးစိတ်များကို အစားထိုးစိုက်ပျိုးလာသောကြောင့် ပြည်တွင်းဆန်ကဏ္ဍသည် မရေရာသော အခြေအနေတွင် ရှိနေကြောင်း၊ ထိုင်းနိုင်ငံတွင် ရောင်းချနေသော ထုပ်ပိုးထားသည့် ဆန်အိတ်များ၏ ၈၀ ရာခိုင်နှုန်းသည် ဗီယက်နမ် Khao Hom Phuang များဖြစ်ကြောင်း၊ ထို့ကြောင့် ပသူသနီရနံ့ပါဆန်သည် ဈေးကွက်အတွင်းမှ ပျောက်ကွယ်လုနီးပါး ဖြစ်နေကြောင်း၊ ဗီယက်နမ် Khao Hom Phuang သည် ၁ ရိုင်လျှင် ၁,၂၀၀ ကီလိုဂရမ်မှ ၁,၅၀၀ ကီလိုဂရမ် ထွက်ရှိပြီး စိုက်ပျိုးချိန်သည် ရက် ၉၀ မှ ၁၀၀ အတွင်းသာဖြစ်သည့်အပြင် ၁ နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကြောင်း၊ ပသူသနီရနံ့ပါဆန်သည် ၁ ရိုင်လျှင် ၈၀၀ ကီလိုဂရမ်မှ ၉၀၀ ကီလိုဂရမ်သာထွက်ရှိပြီး စိုက်ပျိုးချိန်မှာ ၄ လကြာမြင့်သည့်အပြင် ၁ နှစ်လျှင် ၁ ကြိမ်သာ စိုက်ပျိုးနိုင်ကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Mr. Charoen Laothamatas က ပြောကြားခဲ့သည်။

တောင်သူများသည် Hom mali စပါးကို လျော့နည်းစိုက်ပျိုးလာကြပြီး ၁ နှစ်လျှင် ၂ ကြိမ် စိုက်ပျိုးနိုင်၍ ထွက်နှုန်းမြင့်မားသော ဆန်ဖြူကို ရွေးချယ်စိုက်ပျိုးကြပါကြောင်း၊ ထိုင်းနိုင်ငံသည် တောင်သူများ လိုလားချက်နှင့်ကိုက်ညီသည့် စပါးမျိုးစေ့များ လုံလုံလောက်လောက်ထုတ်မပေးနိုင်ကြောင်း၊ ယင်းကြောင့် ပြည်ပမျိုးစိတ်များကို ရှာဖွေကြခြင်းဖြစ်ပြီး အထူးသဖြင့် အစိုးရက R&D အတွက် အထောက်အပံ့ပေးသည့် ဗီယက်နမ်နှင့် တရုတ်မျိုးစိတ်များဖြစ်ကြောင်း၊ ဆန်ဦးစီးဌာန အနေဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာပြီး ထွက်နှုန်းမြင့်မားသည့် စပါးမျိုးစိတ်သစ်များ ဖော်ထုတ်ခြင်းကို R&D ဆောင်ရွက်ခြင်းဖြင့် အရှိန်မြှင့်တင်စေလိုကြောင်း၊ ထိုင်းစပါးမျိုးစိတ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ပမျိုးစိတ်များ စိုက်ပျိုးမှုကို ခွင့်ပြုထားသည့် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၏ စည်းမျဉ်းများကို ပြင်ဆင်စေလိုကြောင်း Mr. Charoen က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းအစိုးရအနေဖြင့် ဈေးကွက်လိုလားချက်နှင့် ကိုက်ညီသည့် ဆန်စပါးမျိုးစိတ်များ ဖော်ထုတ်ခြင်းဖြင့် စပါးကဏ္ဍကို မြှင့်တင်စေလိုကြောင်း၊ ဗီယက်နမ်သည် ပို့ကုန်အတွက် ဆန်ပျော့ကဲ့သို့ ဆန်အမျိုးအစားကို ဈေးနှုန်းချိုသာပြီး အရည်အသွေးမြင့်သောဆန်အဖြစ် ပြောင်းလဲထုတ်လုပ်လာပါကြောင်း၊ အမေရိကန်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်တွင် အိန္ဒိယသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနေရာတွင် ရပ်တည်နေမည်ဖြစ်ပြီး ယင်းနောက် ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ယခုကြုံတွေ့နေရသော ပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်းမပြုပါက အဓိက ဆန်တင်ပို့နေသည့် နိုင်ငံများ၌ ၎င်း၏ ဈေးကွက်ဝေစု ကျဆင်းလာနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ အိန္ဒိယသို့တင်ပို့လျက်ရှိသည့် ပေါင်းဆန်ပို့ကုန်ဈေးကွက် ပျောက်ဆုံးခဲ့ပြီး ဖြစ်ကြောင်း၊ အီရတ်၊ အင်ဒိုနီးရှားနှင့်အာဖရိကနိုင်ငံအချို့သို့ တင်ပို့နေရဆဲဖြစ်သော ထိုင်းဆန်ဖြူသာလျှင်ရှိကြောင်း Mr. Charoen က သုံးသပ်ပြောကြားခဲ့သည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

# STOCK EXCHANGE (14.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,679 (Shares) | 40,907,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +100 | +1.11% | 9,000 | 9,100 | 9,000 | 2,328 | 20,953,000 | 33,109,694 | 301,298 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 2,629 | 8,963,600 | 38,929,150 | 134,306 |
| MCB | 00003 | 8,500 | +100 | +1.19% | 8,500 | 8,500 | 8,500 | 1 | 8,500 | 10,400,986 | 88,408 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,850 | 1,800 | 1,862 | 3,351,650 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 55 | 154,050 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,324 | 2,291,350 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 232 | 1,067,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 1,248 | 4,118,400 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 13th Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.95 | +3.00 | +0.74% | 407.95 | 410.95 | 407.61 | 9,679 | 40,907,750 | 8 | 775,118 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 13th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 9,679 (Shares) | 40,907,750 (MMK) |

### Main Board

As of 1:00 pm, 13th Aug. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,679 (Shares) | 40,907,750 (MMK) |

| MYANPIX | 410.95 ▲ 3.00 |
|---|---|
| Total Volume (shares) | 9,679 |
| Total Value (MMK) | 41 mil |
| Listed Company | 8 |
| Market Cap. (MMK) | 775,118 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 100 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 8,500 | ▲ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |